**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး**

(၁၇)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်**

**( ၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၀.၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

စတုတ္ထပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ၉-၃-၂၀၁၇ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မွန်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင်ဖြစ်တဲ့ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ မိသားစုကျန်းမာရေးကိစ္စ။ ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကျန်းမာရေးနှင့် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေးတို့ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၅)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၆)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၂၁)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၁)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့၊ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၌ ဓာတုဗေဒစစ်ဆေးရေးဌာန၊ မျိုးရိုးဗီဇ(DNA) ဌာနခွဲကို ဖွင့်လှစ်၍ နိုင်ငံအနှံ့မှ မှုခင်းများအပေါ် DNA နမူနာများ စစ်ဆေး ဆောင်ရွက်ပေးလျက်ရှိရာ မျိုးရိုးဗီဇဆိုင်ရာ ပါရဂူ၏ ထင်မြင်ချက်များအပေါ် တရားရုံးအသီးသီးမှ တရားစီရင်ရေးလုပ်ငန်းများတွင် သက်သေခံဥပဒေအရ လက်ခံကြားနာ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး က မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၌ ဓာတုဗေဒ စစ်ဆေးရေးဌာန၊ မျိုးရိုးဗီဇ (DNA) ဌာနခွဲကို ဖွင့်လှစ်၍ နိုင်ငံအနှံ့မှ မှုခင်းများအပေါ် DNA နမူနာများ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိရာ မျိုးရိုးဗီဇဆိုင်ရာပါရဂူ၏ ထင်မြင်ချက်များအပေါ် တရားရုံးအသီးသီးမှ တရားစီရင်ရေးလုပ်ငန်းများတွင် သက်သေခံဥပဒေအရ လက်ခံကြားနာဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားရေးဝန်ကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို တရားရုံးများက မှန်ကန်တဲ့ ဆုံးဖြတ်ချက်များ၊ အလွယ်တကူ ချမှတ်နိုင်အောင် အဆင့်မြင့်နည်းပညာအကူအညီများ၊ အသုံးပြုခွင့် ရပါစေလို့ ဆုတောင်းရင်းနဲ့ ဂါရဝပြုနှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ဖြစ်ပါတယ်။ အမှန်တရားကို ဖော်ထုတ်ပြီးတော့ တရားမျှတတဲ့ ဆုံးဖြတ်ချက်များ ချမှတ်ရမယ့်တရားရုံးများရဲ့တာဝန်ကို ကျေပွန်ဖို့

ဆိုရင် အမှုတည်ဆောက်ပေးရတဲ့ အမှုစစ်ရဲအရာရှိများ၊ အမှုလိုက်ဥပဒေအရာရှိများ၊ ရှေ့နေရှေ့ရပ်များ ဟာလည်း ကြီးလေးတဲ့ တာဝန်ရှိပုဂ္ဂိုလ်များ ဖြစ်ကြပါတယ်။

ဒါ့အပြင် ပြည်သူလူထုကလည်း ဘယ်သူတွေက ဘယ်နေရာမှာ တာဝန်ပေါ့လျော့ ပျက်ကွက်တယ်။ မတရားသဖြင့် မမှန်မကန်လုပ်တယ်လို့ ဝေဖန်ထောက်ပြတိုင်ကြားနိုင်ဖို့ တရားဥပဒေရဲ့ အခွင့်အရေးများနှင့် တာဝန်များကို ဗဟုသုတရှိထားကြဖို့လည်းလိုပါတယ်။ ဒီ့အပြင် တစ်ကမ္ဘာလုံး နီးပါး ကျင့်သုံးနေတဲ့ မျိုးရိုးဗီဇ (DNA) စစ်ဆေးဖော်ထုတ်တဲ့ သိပ္ပံနည်းပညာကို အသုံးပြုနိုင်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ တရားစီရင်ရေးဟာ အမှန်တရားကို အလွယ်တကူ ရှာဖွေ ဆုံးဖြတ်နိုင်တော့မှာ ဖြစ်တဲ့အတွက် အငြင်းပွားမှုတွေ၊ တရားရုံးအပေါ်မှာ ဝေဖန်မှုတွေဟာ သိသိသာသာ လျော့နည်း တိုးတိတ်သွားနိုင်တော့မှာ ဖြစ်ပါတယ်။

အခုအချိန်အထိ မြန်မာနိုင်ငံရဲ့ တရားစီရင်ရေးလုပ်ငန်းမှာ မျိုးရိုးဗီဇ သိပ္ပံနည်းပညာကို အသုံးမပြုနိုင်သေးတဲ့အတွက် အဝတ်အစားမှာ သုတ်ပိုးတွေ့တာနဲ့ စွပ်စွဲခံရရဲ့ သုတ်ပိုး ဟုတ်/မဟုတ် စစ်ဆေးနိုင်ခြင်းမရှိဘဲနဲ့ မုဒိန်းမှုနဲ့ ပြစ်မှုထင်ရှားစီရင်ခဲ့တာတွေလည်း အများကြီးရှိခဲ့ပြီး ဖြစ်ပါတယ်။ ဒီအတိုင်းပဲ ကလေးရဲ့အဖေဟာ ဘယ်သူလဲဆိုတာ မျိုးရိုးဗီဇစစ်လိုက်ရင် အဖြေပေါ်နိုင်ပါလျက်နဲ့ မျိုးရိုးဗီဇနည်းပညာကို အသုံးမပြုနိုင်တဲ့အတွက် နစ်နာသွားတဲ့လူတွေ၊ ဆုံးဖြတ်ချက်မှားခဲ့တာတွေ အတွက် ငြင်းဆိုမှုတွေဟာလည်း အများကြီးရှိနေခဲ့ပါတယ်။ ဒီ့အပြင် သက်သေခံလက်နက်အပေါ်မှာ တွေ့တဲ့သွေးဟာ မျိုးရိုးဗီဇနည်းပညာနဲ့ စစ်ဆေးလိုက်မယ်ဆိုရင် သေသူရဲ့သွေး ဟုတ်/မဟုတ် သေသေချာချာ ပြောနိုင်ပါလျက်နဲ့ မစစ်ဆေးတဲ့အတွက် ဒီလိုသေသေချာချာမပြောနိုင်ဘဲ လူသတ်လက်နက်ဖြစ်တယ်ဆိုပြီးတော့ ယတိပြတ် ဆုံးဖြတ်ခဲ့ရတဲ့အမှုပေါင်းဟာလည်း မနည်းတော့ဘူး ဖြစ်ပါတယ်။

ဒီပြစ်မှုဆိုင်ရာဥပဒေကို စပြီးပြဋ္ဌာန်းခဲ့တဲ့ လွန်ခဲ့သော နှစ်ပေါင်း(၁၅၀)ခန့်ကနေပြီးတော့ ဒီနေ့အထိ မျိုးရိုးဗီဇ သိပ္ပံပညာကို မသုံးနိုင်တဲ့အတွက် အမှန်တရားကို သေချာပေါက် သက်သေခံလက်ဆုပ်လက်ကိုင် မပြနိုင်ဘဲ ချခဲ့ရတဲ့အမှုပေါင်းဟာ ကျွန်တော်တို့ မရေမတွက်နိုင်အောင်များပြားခဲ့ပြီဖြစ်ပါတယ်။ သက်သေခံခိုင်လုံလို့ ချတဲ့အမှုတွေလည်း အများကြီး ရှိနေပါတယ်။ ဒီလို တရားစီရင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းရဲ့ အားနည်းချက်တွေကြောင့် နက်နဲရှုပ်ထွေးတဲ့ အခက်အခဲများကို ဒီတရားရုံးဆိုင်ရာအခက်အခဲများကို ဂဃဏန လေ့လာမှု၊ စုံစမ်းမှု မလုပ်ဘဲနဲ့ သေဒဏ် အလွယ်တကူ ချဖို့ တောင်းဆိုနေတဲ့အသံတွေ၊ မိမိတို့ဆန္ဒအတိုင်း အနိုင်မရတာနဲ့ တရားရုံးတွေကို အလွယ်တကူ စွပ်စွဲပုတ်ခတ်နေမှုတွေဟာ လျော့နည်းပပျောက်သွားအောင် ခေတ်မီနည်းပညာ အကူအညီများ ကျင့်သုံးနိုင်ဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ မျိုးရိုးဗီဇသိပ္ပံပညာကို တရားစီရင်ရေးမှာ ကျင့်သုံးနိုင်ဖို့ တည်ဆဲသက်သေခံဥပဒေမှာ အဆင့်သင့် ပြဋ္ဌာန်းထားပြီး ဖြစ်တဲ့အတွက် ဥပဒေတစ်ရပ်၊ နည်းဥပဒေတစ်ရပ် ထပ်မံပြဋ္ဌာန်းဖို့မလိုဘဲ အလွယ်တကူ ကျင့်သုံးနိုင်ပြီ ဖြစ်ပါတယ်။

သက်သေခံဥပဒေပုဒ်မ ၄၅ မှာ သိပ္ပံပညာရပ်၊ ဝိဇ္ဇာပညာရပ်၊ လက်ရေးလက်သားပညာရပ်၊ လက်ဗွေပညာရပ်ဆိုင်ရာ တတ်ကျွမ်းနားလည်သူများရဲ့ ဖော်ထုတ်တင်ပြလာတဲ့ ထင်မြင်ချက်များဟာ

အမှုနဲ့စပ်ဆိုင်တယ်ဆိုပြီးတော့ အတိအလင်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ အဲဒီအပြင် ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလည်း နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၌ ဓာတုဗေဒ စစ်ဆေးရေးဌာန၊ မျိုးရိုးဗီဇ (DNA) ဌာနခွဲကိုလည်း ဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံအနှံ့က မှုခင်းများအပေါ်မှာ ဒီ DNA နမူနာ စစ်ဆေးဆောင်ရွက်ပေးပြီးတော့မှ ဒီ မျိုးရိုးဗီဇဆိုင်ရာ ပါရဂူရဲ့ ထင်မြင်ချက်များအပေါ်မှာ တရားရုံးအသီးသီးကနေ တရားစီရင်ရေးလုပ်ငန်းများအတွက် သက်သေခံဥပဒေအရ လက်ခံကြားနာဆောင်ရွက်ပေးဖို့ အစီအစဉ် ရှိ/မရှိ၊ အစီအစဉ်ရှိရင်လည်း ကျွန်တော်တို့ ဘယ်တော့လောက် ရှိမယ်ဆိုတာလေးကို ကျွန်တော်တို့ တရားရေးလောကအတွက်၊ ပြည်သူတွေအားလုံး အမှန်တရားကိုလည်း ခံစားခွင့်ရဖို့အတွက် ကျွန်တော်တို့ အခုလို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ တရားသူကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၃။**

**ဦးမြင့်အောင် (တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး မေးမြန်းတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မျိုးရိုးဗီဇ (DNA) စစ်ဆေးချက်ကို အင်္ဂလန်နိုင်ငံတရားရုံးများမှာ ၁၉၈၆ ခုနှစ်ကစပြီးလည်းကောင်း၊ အမေရိကန်ရှိ တရားရုံးများမှာ ၁၉၈၇ ကစပြီးလည်းကောင်း သက်သေခံအဖြစ် လက်ခံအသုံးပြုခဲ့ကြပြီး ယခုအခါ နိုင်ငံတော်တော်များများရှိ တရားရုံးများမှာလည်း သက်သေခံအဖြစ် လက်ခံအသုံးပြုလျက်ရှိကြောင်း သိရှိရပါတယ်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေး ရဲ့ မျိုးရိုးဗီဇ (DNA) စစ်ဆေးချက်ကို မြန်မာနိုင်ငံတရားရုံးများမှာ အသုံးပြုနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းပြီး မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မျိုးရိုးဗီဇ (DNA) စစ်ဆေးချက်ဟာ သက်ဆိုင်ရာ ကျွမ်းကျင်သူရဲ့ သိပ္ပံနည်းကျ စစ်ဆေးချက်ဖြစ်တဲ့အတွက် သက်သေခံအက်ဥပဒေ၊ တခြားတည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ တရားရုံးများက သက်သေခံအဖြစ် လက်ခံအသုံးပြုခြင်းကို ခွင့်မပြုနိုင်စရာအကြောင်းမရှိကြောင်း ဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ ဓာတုဗေဒပိုင်းအစီရင်ခံစာ (Chemical Examiner's Report) ဆရာဝန်ရဲ့ ဆေးဘက်ဆိုင်ရာအစီရင်ခံစာ (Medical Report) နဲ့ လက်ရေး၊ လက်မှတ်၊ လက်ဗွေကျွမ်းကျင်သူများရဲ့ ထင်မြင်ချက် (Expert Opinion) များကို သက်သေခံအက်ဥပဒေ၊

ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်သေခံအဖြစ် တင်ပြလာပါက မြန်မာနိုင်ငံ တရားရုံးများက သက်သေခံအဖြစ် လက်ခံအသုံးပြုလျက်ရှိပါတယ်။

ဒါ့ကြောင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ရဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး မျိုးရိုးဗီဇဆိုင်ရာပါရဂူရဲ့ မျိုးရိုးဗီဇ(DNA) စစ်ဆေးချက်ကို သက်သေခံအက်ဥပဒေ၊ အခြားတည်ဆဲ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ တရားရုံးများသို့ သက်သေခံအဖြစ်တင်ပြလာပါက လက်ခံဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ချင်းပြည်နယ် တောင်ပိုင်း၊ မင်းတပ်ခရိုင်တွင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် အလုပ်အကိုင်ရှာဖွေရေးနှင့် အလုပ်လက်မဲ့ မှတ်ပုံတင်ဦးစီးဌာနရုံးများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း က ချင်းပြည်နယ် တောင်ပိုင်း၊ မင်းတပ်ခရိုင်တွင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ညွှန်ကြားမှုဦးစီး ဌာနနှင့် အလုပ်အကိုင်ရှာဖွေရေးနှင့် အလုပ်လက်မဲ့ မှတ်ပုံတင်ဦးစီးဌာနရုံးများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သလိုက် ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်မှာ မတူပီမြို့နယ်၊ မင်းတပ်မြို့နယ်၊ ကန်ပက်လက်မြို့နယ်၊ ပလက်ဝမြို့နယ် စုစုပေါင်း(၄)မြို့နယ်ရှိပါတယ်။ မင်းတပ်မြို့နယ်၊ ခရိုင်ရုံးမှာ ဌာနဆိုင်ရာစုစုပေါင်း (၃၃)ဌာန ရှိပါတယ်။ မင်းတပ်မြို့ပေါ်မှာ မင်းတပ်-ကန်ပက်လက်၊ မင်းတပ်-မတူပီ၊ မင်းတပ်-ကျောက်ထု၊ ဆောမြို့၊ မင်းတပ်-ထီးလင်း၊ ဂန့်ဂေါမြို့၊ မင်းတပ်-မန္တလေး၊ မင်းတပ်-ပခုက္ကူ၊ မင်းတပ်-ကလေး စုစုပေါင်း ကားဂိတ်(၇)ခုရှိပါတယ်။ မင်းတပ်ခရိုင်(၄)မြို့နယ်မှာ ကားအစီးရေ (၁၀၀)ကျော်ရှိပြီးတော့မှ ဆိုင်ကယ်အစီးရေ (၈)သောင်းကျော်ခန့် ရှိပါတယ်။ အချိန်မီ ကားလိုင်စင်များ၊ ဆိုင်ကယ်လိုင်စင်များ သက်တမ်းတိုးခြင်း၊ လိုင်စင်ပြုလုပ်ခြင်းများကို ပြုလုပ်ရန် လိုအပ်လျက်ရှိပါတယ်။

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလက ချင်းပြည်နယ်၊ ဟားခါးမှ ဆိုင်ကယ်လိုင်စင်များ လာရောက် ပြုလုပ်ပေးရာ ဆိုင်ကယ်ပိုင်ရှင်အားလုံး သက်တမ်းလွန်သည် ဟုဆိုကာ တစ်စီးလျှင် (၆)သောင်းခန့် ဒဏ်ကြေးရိုက်ပြီး ဆိုင်ကယ်လိုင်စင်ခ(၃)သောင်း စုစုပေါင်း (၁)သိန်းနီးပါးပေးကြရသဖြင့် ဆိုင်ကယ် လိုင်စင်တိုးသူများ မကျေမနပ် ဖြစ်ကြပါတယ်။ ဆိုင်ကယ်လိုင်စင်တိုးရန် မကွေးတိုင်း၊ ပခုက္ကူမြို့သို့ သွားရောက်ရသဖြင့် သွားစရိတ်၊ စားစရိတ်၊ တည်းခိုစရိတ် ပို၍ကုန်ကျနေပါတယ်။ သို့ဖြစ်၍ စိတ် သက်သာစွာဖြင့် ကားလိုင်စင်၊ ဆိုင်ကယ်လိုင်စင်များ ပြုလုပ်နိုင်ရန် မင်းတပ်ခရိုင်ရုံးတွင် ကုန်းလမ်း

သယ်ယူပို့ဆောင်ရေးဦးစီးဌာန ဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိနဲ့ တက္ကသိုလ်ဝင်တန်းအောင်များ၊ တက္ကသိုလ်ဘွဲ့ရများ၊ အလုပ်လျှောက်လွှာများ လျှောက်ရာတွင် အလုပ်လက်မဲ့ မှတ်ပုံတင်လေဘာကတ် ပြုလုပ်ရန်ရှိပါက မင်းတပ်ခရိုင် (၄)မြို့နယ်ရှိ မရှိဆင်းရဲသား တက္ကသိုလ်ဝင်တန်းအောင်၊ တက္ကသိုလ်ဘွဲ့ရများ၊ အလုပ်လျှောက်လိုလျှင် ပခုက္ကူသို့ အလုပ်လက်မဲ့ မှတ်ပုံတင်ကတ်များ သွားရောက်ပြုလုပ်ရပါတယ်။ သွားလုပ်တဲ့အခါကျတော့ စားစရိတ်၊ သွားစရိတ်၊ တည်းခိုစရိတ်များ အပိုကုန်လျက်ရှိပါတယ်။ အဲဒါကြောင့်မို့လို့ ခရီးစရိတ်သက်သာစွာနဲ့ အလုပ်လက်မဲ့မှတ်ပုံတင်ကတ်ပြား ပြုလုပ်နိုင်ရန်အတွက် မင်းတပ်ခရိုင်တွင် အလုပ်အကိုင်ရှာဖွေရေးနှင့် အလုပ်လက်မဲ့မှတ်ပုံတင်ဦးစီးဌာနရုံး ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို မေးမြန်းလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၇။**

**ဦးသိန်းဆွေ (ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမာန်လောမောင်း ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့မှ ဥက္ကဋ္ဌကြီးကတစ်ဆင့် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာ ကျွန်တော်တို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအပိုင်းနဲ့ ကျွန်တော်တို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအပိုင်း(၂)ပိုင်းတွေ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့မှ မင်းတပ်ခရိုင်မှာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ လက်ရှိခွင့်ပြုဖွဲ့စည်းပုံအရ ရုံးချုပ်၊ တိုင်းဒေသကြီးရုံးခွဲ၊ ပြည်နယ်ရုံး၊ တွဲဖက်ပြည်နယ်ရုံး၊ ခရိုင်ရုံး စုစုပေါင်း(၉၉)ရုံး ဖွင့်လှစ်ပြီးတော့မှ ရုံးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ မြို့နယ်ရုံးအနေနဲ့ (၃)ရုံးသာ ဖွင့်လှစ်နိုင်သေးတာဖြစ်ပါတယ်။ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်နဲ့ စပ်လျဉ်းပြီးတော့မှ ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ပြည်သူများကို သွားလာမှုလွယ်ကူစေရေး၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ချောမွေ့စေရေးအတွက် မင်းတပ်မြို့နယ်၊ မတူပီမြို့နယ်၊ ကန်ပက်လက်မြို့နယ်များရဲ့ ယာဉ်မှတ်ပုံတင်လုပ်ငန်းနဲ့ ယာဉ်မောင်းလိုင်စင်လုပ်ငန်းများကို ပခုက္ကူခရိုင်ရုံးက ဆောင်ရွက်ပေးနေပါတယ်။

မင်းတပ်ခရိုင်အတွင်းမှာရှိတဲ့ ပလက်ဝမြို့နယ်ရဲ့ ယာဉ်မှတ်ပုံတင်လုပ်ငန်းနဲ့ ယာဉ်မောင်းလိုင်စင်လုပ်ငန်းများကိုတော့ စစ်တွေပြည်နယ်ရုံးကနေမှတစ်ဆင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မင်းတပ်ခရိုင်ရှိ မင်းတပ်မြို့နယ်၊ ကန်ပက်လက်မြို့နယ်၊ မတူပီမြို့နယ်များမှာ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ မှတ်ပုံတင်ထားတဲ့ ယာဉ်အစီးရေ(၃၉၇၂)စီး၊ ယာဉ်မောင်းလိုင်စင် (၁၆၅၈)စောင် မှတ်ပုံတင်ထားရှိပါတယ်။ အဆိုပါမြို့နယ်များကို ခရိုင်ရုံး ပခုက္ကူမှ တစ်နှစ်လျှင်(၂)ကြိမ်၊ ယာဉ်မှတ်ပုံတင် လုပ်ငန်းနဲ့ ယာဉ်မောင်းလိုင်စင် လုပ်ငန်းများကို နယ်လှည့်ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ခရိုင်ရုံးပခုက္ကူမှာ အရာထမ်း(၁)ဦး၊ အမှုထမ်း(၂၅)ဦးခန့်ထားပြီးတော့မှ ရုံးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ မင်းတပ်ခရိုင်၊ ပလက်ဝမြို့နယ်အတွင်းမှာလည်းပဲ ကျွန်တော်တို့ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃၁ ရက်နေ့အထိ မှတ်ပုံတင်ထားတာ ယာဉ်(၄)စီး ရှိပါတယ်။ မော်တော်ယာဉ်(၁)စီး၊ မော်တော်ဆိုင်ကယ်(၃)စီးသာဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်အတွင်းမှာ မင်းတပ်ခရိုင်အတွင်းမှာရှိတဲ့ မင်းတပ်မြို့နယ်နဲ့ မတူပီမြို့နယ်များသို့ မတ်လနှင့် စက်တင်ဘာလမှာလည်းကောင်း၊ ကန်ပက်လက်မြို့နယ်များသို့ ဖေဖော်ဝါရီလနဲ့ နိုဝင်ဘာလတို့မှာလည်းကောင်း နယ်လှည့်ရွေ့လျားစနစ်နဲ့ မော်တော်ယာဉ်မှတ်ပုံတင်လုပ်ငန်းနဲ့ ယာဉ်မောင်းလိုင်စင်များကိုလည်းပဲ ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ မင်းတပ်ခရိုင်သို့ နယ်လှည့် ကွင်းဆင်းခြင်းအကြိမ်များကိုလည်း ယာဉ်အစီးရေများပြားလာရင်လည်း ဆက်လက်ပြီးတော့မှ တိုးမြှင့် သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ် သမားညွှန်ကြားမှုဦးစီးဌာနအနေနဲ့လည်းပဲ အလုပ်သမားနဲ့ အလုပ်အကိုင်ရှာဖွေရေးရုံးများ ဖွင့်လှစ်ရန် အများအပြားပဲ ကျန်ရှိနေပါတယ်။

သို့ရာတွင် လတ်တလောအနေနဲ့ ကျွန်တော်တို့ မင်းတပ်ခရိုင်အတွင်းမှာတော့ Mobile Team များဖွဲ့ပြီးတော့ အလုပ်သမားများ မှတ်ပုံတင်ကတ်များကို ကျွန်တော် ဆက်လက်ပြီးတော့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ရုံး(၁)ရုံး ကျွန်တော်တို့ ဖွင့်လှစ်မယ်ဆိုရင် မြို့နယ်ရုံး အပါအဝင်ပေါ့၊ ရုံးများဆောက်လုပ်မယ်ဆိုလို့ရှိရင် မြေနေရာရှာဖွေတောင်းခံရပါတယ်။ နိုင်ငံတော်ရဲ့ ရသုံးမှန်းခြေ ငွေစာရင်းမှာလည်း ရုံးအဆောက်အဦတွေ၊ ရုံးသုံးပရိဘောဂတွေနဲ့ ရုံးသုံးစက်ပစ္စည်းကိရိယာ၊ ယာဉ်၊ စစ်ဆေးရေးစက်ကိရိယာတွေနဲ့ ရုံးသုံးအဆောက်အအုံပစ္စည်းများအတွက် ငွေလုံးငွေရင်းအသုံးစရိတ်များ တောင်းခံရပါတယ်။ ဝန်ထမ်းဖွဲ့စည်းပုံ ရေးဆွဲပြီးတော့မှ ဝန်ထမ်းများတောင်းခံခြင်းနဲ့ ခန့်ထားမယ့် ဝန်ထမ်းများရဲ့ လစာစရိတ်များ ကျခံရန်အတွက်လည်းပဲ သာမန်အသုံးစရိတ်များကို ဘတ်ဂျက်ခွင့်ပြုငွေ တင်ပြပြီးတော့မှ တောင်းခံရပါတယ်။

အဆိုပါ လုပ်ငန်းအဆင့်ဆင့်များကြောင့် လက်ရှိအနေအထားအရ ကျွန်တော်တို့ မင်းတပ် ခရိုင်မှာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ရုံးဖွင့်လှစ်ပေးရန် အစီအစဉ် မရှိသေး ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၃)ဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့်

မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ဝင်းစိန်အလယ် ကျေးရွာအုပ်စုနှင့် ပေါင်မြို့နယ်၊ ကျောက်ရေတွင်းကျေးရွာအုပ်စု၊ မြို့နယ်ချင်းဆက်လမ်းအား ရာသီမရွေး သွားလာနိုင်သော ကျောက်ချောလမ်း ခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်က မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ဝင်းစိန်အလယ် ကျေးရွာအုပ်စုနှင့် ပေါင်မြို့နယ်၊ ကျောက်ရေတွင်းကျေးရွာအုပ်စု၊ မြို့နယ်ချင်းဆက်လမ်းအား ရာသီမရွေး သွားလာနိုင်သော ကျောက်ချောလမ်း ခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ဧည့်သည်တော်အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ မဲဆန္ဒနယ် သထုံမြို့တွင် ဝင်းစိန်အလယ်ကျေးရွာအုပ်စုသည် တောင်ပိုင်း၊ ကရင်စု၊ အလယ်ပိုင်း၊ မြောက်ပိုင်းဟူ၍ အပိုင်း(၄)ပိုင်းဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး ကရင်လူမျိုးများ၊ ပအိုဝ်း၊ ရှမ်း၊ မြန်မာလူမျိုးစုများနေထိုင်ရာ ကျေးရွာဖြစ်ပြီး အိမ်ခြေ(၂၅၄)၊ လူဦးရေ (၁၇၀၀)ရှိသော ရွာကြီးတစ်ရွာ ဖြစ်ပါတယ်။ ထိုရွာသည် ပေါင်မြို့နယ် ကျောက်ရေတွင်းလမ်းနှင့် ဆက်စပ်လျက်တည်ရှိပြီး အရှည်အားဖြင့်(၁)မိုင်(၅)ဖာလုံရှိပါတယ်။ အဆိုပါလမ်းသည် နွေရာသီနှင့် ဆောင်းရာသီတွင်သာ ကောင်းမွန်စွာ သွားလာနိုင်ပြီး မိုးတွင်းကာလတွင် အောက်ခံရွှံ့မြေဖြစ်သောကြောင့် ကားများ၊ ဆိုင်ကယ်များသွားလာ၍ မရရှိဘဲ တစ်ရွာနှင့်တစ်ရွာ ခြေလျင်ခရီးသာ သွားလာခဲ့ရပါသည်။ အဆိုပါလမ်း၏ မြေပြင်အခြေအနေမှာ အကျယ်(၂၀)ပေ၊ အမြင့်(၅)ပေ ရွှံ့မြေသားလမ်းသာရှိပြီး ရွာသူ၊ ရွာသားများအနေဖြင့် တတ်နိုင်သည့်ဘက်မှ လမ်းကို တိုးချဲ့မြေဖို့ခြင်း၊ မြေနီမှုန့်များ ခင်းကျင်းခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ လမ်းအူကြောင်းပေါ်တွင် အကျယ် (၂၀)ပေ၊ အရှည်(၈)ပေ၊ အမြင့်(၆)ပေရှိ ကွန်ကရစ်တံတား(၁)စင်း၊ အကျယ်ပေ(၄၀)၊ အရှည် (၃၀)ပေ၊ အမြင့်(၁၅)ပေရှိ ကွန်ကရစ်တံတား(၁)စင်း၊ တံတား(၂)စင်းရှိသည့်အနက် ပထမတံတားကို ပေါင်မြို့နယ်၊ ကျောက်ရေတွင်းဆရာတော် ဦးဆောင်၍ နှစ်ဘက် ရွာသူ၊ ရွာသားများမှ ငွေကျပ်သိန်း(၃၀) စိုက်ထုတ်ပြီး လွှတ်တော်ရန်ပုံငွေ(၂၅)သိန်းဖြင့် ဖြည့်စွက်၍ တည်ဆောက်ခဲ့ပြီး ဖြစ်ပါသည်။

ဒုတိယတံတားကို သထုံမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ ခွင့်ပြုရန်ပုံငွေ သိန်း(၂၁၀)ဖြင့် ၁၀-၁-၂၀၁၇ ရက်နေ့မှစ၍ ယနေ့အထိ ဆောင်ရွက်နေဆဲ ဖြစ်ပါသည်။ ကျေးရွာတွင် မူလတန်းလွန် ဝင်းစိန်ကျောင်းကို ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ပညာရေးဌာနမှ ပဉ္စမတန်းအထိ ခွင့်ပြုထားပြီး

ယခုပညာသင်နှစ်ကာလတွင် ကျောင်းသူ၊ ကျောင်းသားဦးရေ(၂၁၀) ပညာသင်ကြားလျက်ရှိပါသည်။ အဆိုပါကျောင်းမှ ပဉ္စမတန်း အောင်မြင်ကြသည့် ကျောင်းသူ၊ ကျောင်းသားများသည် အနီးကပ်ဆုံးဖြစ်သည့် ပေါင်မြို့နယ်၊ ရင်ငြိမ်းအထက်တန်းကျောင်းသို့ ဆက်လက်ပညာသင်ကြားနိုင်ရန် အထက်ပါလမ်းကိုပင် အားကိုးအားထားပြုနေကြရပါသည်။ ကျေးရွာပြည်သူများ ကျန်းမာရေးအနေဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိပါသော်လည်း သာမန်ရောဂါဝေဒနာလောက်သာ ဆေးကုသပေးနိုင်၍ မွေးဖွားလူနာ၊ ဝမ်းပျက်ဝမ်းလျှောလူနာများ၊ မြွေကိုက်လူနာများ၊ သွေးလွန်တုတ်ကွေးလူနာများ အစရှိသည့် အရေးပေါ်လူနာများကို မိုးတွင်းကာလတွင် ပေါင်မြို့နယ်၊ ရင်ငြိမ်းတိုက်နယ်ဆေးရုံသို့ အချိန်နဲ့တစ်ပြေးညီ ပို့ဆောင်ချင်ပါသော်လည်း ခြေလျင်ခရီးသာရှိသည့်အတွက် အချိန်မီမရောက်ရှိပါက လူနာများ၏ အသက်အန္တရာယ်ထိခိုက်မည်ကို စိုးရိမ်ပူပန်နေကြရပါတယ်။ သထုံမြို့နယ်၊ ဝင်းစိန်အလယ်ကျေးရွာသားများအနေဖြင့် လယ်မြေမှထွက်ရှိသည့် ဆန်စပါး၊ ရေထွက်ပစ္စည်းများ၊ သားငါးများ၊ ကုန်စည်ပစ္စည်းများကို အချိန်မီသယ်ဆောင်နိုင်ရန် အဆိုပါ မြို့နယ်(၂)မြို့နယ်ဆက်လမ်းကိုသာ အားကိုးနေရပြီး ထိုလမ်းကောင်းမွန်ပါက ကျေးရွာတစ်ခုမှတစ်ခုသို့ ကုန်စည်များ စီးဆင်းသယ်ဆောင်ရာ ကုန်ထုတ်လမ်းဖြစ်လာမည်မှာ အမှန်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ဝင်းစိန်အလယ်ကျေးရွာအုပ်စုနှင့် ပေါင်မြို့နယ်၊ ကျောက်ရေတွင်းကျေးရွာအုပ်စု မြို့နယ်ချင်းဆက်လမ်းအား ကျောက်ချောခင်းခြင်း၊ လမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်းကို မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်ခင်ဗျား။ (သြဘာသံများ)

**မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ ဓမ္မသော်အုပ်စုနှင့် မင်းပြင်အုပ်စုရှိ နံကပ်ကျေးရွာတာပေါင်အား ပြုပြင်မွမ်းမံရန်နှင့် ရေတံခါး တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။**　　။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေး က မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ ဓမ္မသော်အုပ်စုနှင့် မင်းပြင်အုပ်စုရှိ နံကပ်ကျေးရွာ တာပေါင်အား ပြုပြင်မွမ်းမံရန်နှင့် ရေတံခါး တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။**　　။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများအားလုံးနှင့် ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်ရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန်းသန်းအေး ဖြစ်ပါတယ်။ ကျွန်မမေးမြန်းလိုတဲ့ ကြယ်ပွင့်ပြ မေးခွန်းမှာ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ ဓမ္မသော်အုပ်စုနှင့် မင်းပြင်အုပ်စုရှိ နံကပ်

ကျေးရွာ တာပေါင်အား ပြုပြင်မွမ်းမံရန်နှင့် ရေတံခါးတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ အထက်ဖော်ပြပါ တာပေါင်ဟာ ဓမ္မသော်ကျေးရွာအုပ်စု၊ မင်းပြင်အုပ်စု(၂)အုပ်စုသို့ ဧရာဝတီမြစ်ရေတက်သောအခါ ရေဝင်ရောက်မှုကိုတားဆီးသော တာပေါင်ဖြစ်ပါတယ်။ ဧရာဝတီမြစ်ရေဟာ နှစ်စဉ်ရေတက်သဖြင့် ယခုအခါ တာပေါင်မှာ ကျိုးပေါက်ပျက်စီးနေပါတယ်။ ယခင်က ကျေးရွာအုပ်စုများမှ တောင်သူများဟာ ကိုယ်ထူကိုယ်ထ စုပေါင်းလုပ်ကိုင်ခဲ့ကြတယ်။ သို့သော်လည်း ယခုအခါ စုပေါင်းလုပ်အားဖြင့် ပြန်လည်မွမ်းမံရန် မစွမ်းဆောင်နိုင်တော့ပါ။ ၎င်းတာပေါင်ရဲ့အရှည်မှာ ပေ(၂၀၀၀)ကျော်နှင့် ပျမ်းမျှအမြင့်မှာ (၆)ပေရှိပါတယ်။ ၎င်းတာပေါင်ရဲ့ရေတံခါးပေါက်နေရာ အလျားပေ(၃၀)ကျော် ကျိုးပေါက်ပျက်စီးသွားပါတယ်။ ရေကာတာမှဝင်လာသော ရေများပြန်ကျပြီး တင်ကျန်ရစ်တဲ့ နုန်းမြေနုများကြောင့် လယ်မြေကိုင်းကျွန်းဧကပေါင်း (၄၀၀)ကျော်ဟာ တောင်သူများ လုပ်ကိုင်နေရပါတယ်။

ဓမ္မသော်ကျေးရွာအုပ်စု၊ မင်းပြင်အုပ်စုမှာရှိတဲ့ ရွာများမှ အိမ်ထောင်စုမှာ (၁၀၅၀)နှင့် လူဦးရေ(၇၀၀၀)ကျော်နီးပါး မှီခိုလုပ်ကိုင်နေကြရပါတယ်။ တာပေါင်အတွင်းမှာရှိတဲ့ လယ်ဧကမှာဆိုရင် (၄၀၀)ကျော်ဖြစ်ပြီးတော့ မြစ်ရေတက်တဲ့အခါမှာ ရေတွေဟာ တာပေါင်နဲ့ ရေတံခါးက ဝင်လာတဲ့ အတွက် စိုက်ပြီးသားလယ်မြေတွေဟာ နှစ်စဉ်ဆုံးရှုံးမှုကို ကြုံတွေ့နေရပါတယ်။ အဲဒီဒေသကို ကျွန်မ ရောက်တဲ့အခါမှာ အဲဒီက ရွာသူ၊ ရွာသားတွေကနေပြီးတော့ ဒီ တာပေါင်ထဲမှာ ဝင်နေတဲ့ရေတွေကြောင့် သူတို့လယ်တွေ နှစ်တိုင်းပျက်စီးနေရပါတယ်။ တာပေါင်ရဲ့အပြင်မှာရှိတဲ့ ရွာတွေကို ရေမြုပ်ချင် မြုပ်ပါစေ၊ တာပေါင်ပေါ်မှာ နွားတွေ၊ လှည်းတွေထားရတဲ့အတွက် ရွာသားတွေကတော့ အပေါ်ဆင့်တွေမှာနေရတဲ့အတွက် ဒီ တာပေါင်ကလေးကို လုပ်ပေးပါဆိုပြီးတော့ ကျွန်မကို ပြောကြပါတယ်။

ဒါကြောင့် နှစ်စဉ် ဧရာဝတီမြစ်ရေကို မှီခိုလုပ်ကိုင်စားသောက်နေတဲ့ ဒီဘက်က နုန်းမြေတွေမှာဆိုရင်တော့ သူတို့က ရေကျတဲ့အခါမှာ ဆောင်းသီးနှံလေးတွေကို စိုက်ပျိုးရပါတယ်။ ဒါကြောင့် မိုးတွင်းမှာကျတော့ လယ်ကိုစိုက်ပျိုးရတယ်။ အဲဒါကြောင့် နှစ်သီးစားဖြစ်တဲ့အတွက် လယ်တွေမှာ အရမ်းဆုံးရှုံးလို့ ဒီ တာပေါင်နဲ့ ရေတံခါးကို လုပ်ပေးဖို့အတွက် နှစ်စဉ် မရှိမဖြစ်လိုအပ်တဲ့ တာပေါင်မွမ်းမံခြင်းနဲ့ ရေတံခါးအကျယ်(၃၀)ပေနဲ့ အမြင့်(၄)ပေရှိသော ရေတံခါးတည်ဆောက်ပေးပါရန် ရွာသူ၊ ရွာသားများကိုယ်စား အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြတောင်းခံအပ်ပါတယ်ရှင်။ လေးစားစွာဖြင့် အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**စလင်းမြို့လယ်ရှိ မြောင်းမတော် မြောင်းကြီးကို ကမ်းထိန်းနံရံ ၁၃၅၀ ပေ ပြုလုပ်ခြင်းအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင် က စလင်းမြို့လယ်ရှိ မြောင်းမတော်မြောင်းကြီးကို ကမ်းထိန်းနံရံ(၁၃၅၀)ပေ ပြုလုပ်ခြင်းအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါ။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ စလင်းမြို့နယ်၊ ဆည်မြောင်းထိန်းသိမ်းရေးဦးစီးဌာနမှ ထိန်းသိမ်းစောင့်ရှောက်သည့် စလင်းမြို့နယ်ရှိ မြောင်းမတော် မြောင်းကြီးကို ကမ်းထိန်းနံရံ ပေ(၁၃၅၀) ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။

မေးမြန်းရတဲ့ အကြောင်းအရင်းကတော့ စလင်းမြို့နယ်၊ ဆည်မြောင်းထိန်းသိမ်းရေးဦးစီးဌာန အောက်မှာရှိတဲ့ စလင်းမြို့အလယ်မှ ဖြတ်သန်းဖောက်လုပ်ထားတဲ့ မြောင်းမတော်မြောင်းကြီးဟာ ၁၉၃၄ ခုနှစ်က ဖောက်လုပ်ခဲ့တဲ့ ဆည်ရေသောက်မြောင်းမကြီး ဖြစ်ပါတယ်။ ၎င်းမြောင်းရဲ့ မြောက်ဘက်ခြမ်း မှာ နယ်မြေများဟာ မြို့လယ်ပိုင်း မြေနိမ့်ပိုင်းဖြစ်သလို လူနေအိမ်ခြေက (၁၂၀၀)၊ လူဦးရေက(၈၅၀၀) ရှိပါတယ်။ ထို့အတူပဲ အဲဒီအထဲမှာ ကျောင်းသား၊ ကျောင်းသူ (၃၀၀၀)ကျော် ပညာသင်ကြားလျက်ရှိတဲ့ စလင်းမြို့ အခြေခံပညာအထက်တန်းကျောင်းတစ်ကျောင်းလည်း ရှိပြီးတော့ ကျောင်းဝိုင်းကိုပတ်ပြီး ဖောက်လုပ်ထားတဲ့ ရေမြောင်းငယ်နဲ့ ရေထိန်းတံခါးကလည်း ရှိပါတယ်။ မြောင်းရဲ့ တောင်ဘက်မှာတော့ စလင်းမြို့ရဲ့ စည်ပင်သာယာဈေးကြီးတစ်ခု တည်ရှိပါတယ်။

ယခုအခါ စလင်းမြို့နယ်လူဦးရေဟာ တော်တော်တိုးပွားပြီး ဒေသရဲ့ထွက်ကုန်၊ တောင်သူ တွေရဲ့ထွက်ကုန်ကို ရပ်ဝေးဖြစ်တဲ့ ရန်ကုန်၊ မန္တလေး၊ မကွေး၊ ချောက်တွေကို လူသုံးပစ္စည်းတွေ ရပ်ဝေးကို ပို့ရသလိုပဲ၊ ရပ်ဝေးကနေပြီး လူသုံးပစ္စည်းတွေကို ပြန်လည်ပြီး သယ်ယူခြင်းဟာ ကုန်တင်ကားကြီးတွေနဲ့ တင်ပို့ရပါတယ်။ ဤကဲ့သို့ ကုန်တင်ကားကြီးတွေရဲ့ သွားလာမှုများကြောင့် မြေကြီးတုန်ခါလျက် မြောင်းပေါင်မြေများဟာ ပဲ့ကျခြင်း၊ ကမ်းနံရံများ တည်ငြိမ်မှုမရှိခြင်းတို့ စစ်ဆေးတွေ့ရှိရပါတယ်။ မြောင်းမတော်မြောင်းကြီးရဲ့သက်တမ်းဟာ ကြာရှည်မှုရှိခြင်း၊ အကယ်၍ သဘာဝဘေးအန္တရာယ်တစ်ခုခု ဖြစ်လာပါက မြေနိမ့်ပိုင်းရှိ စလင်း အ.ထ.က မှာရှိတဲ့ ကလေးသူငယ်များနဲ့ ပြည်သူများက စိုးရိမ် ကြောင့်ကျမှု ရှိကြပါတယ်။

ဒါကြောင့်မို့လို့ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ စလင်းမြို့ လယ်မှာရှိတဲ့ မြောင်းမတော်မြောင်းကြီးကို ကမ်းထိန်းနံရံပေ(၁၃၅၀) ပြုလုပ်ခြင်းဟာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် မရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ခွဲဝေချထား မည်ဖြစ်ကြောင်း သိရှိလိုပါ၍ ဓာတ်ပုံနဲ့ အင်ဂျင်နီယာတွက်ချက်မှုများ ပူးတွဲပြီး လေးစားစွာ မေးမြန်း အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၃။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွန်း ရဲ့ မေးခွန်းကို မွန်ပြည်နယ် အစိုးရအဖွဲ့ရဲ့ ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဦးစွာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ဝင်းစိန်အလယ်ကျေးရွာအုပ်စုနှင့် ပေါင်မြို့နယ်၊ ကျောက်ရေတွင်းကျေးရွာအုပ်စု မြို့နယ်ချင်းဆက်လမ်းကို ရာသီမရွေးသွားလာနိုင်တဲ့ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။ အဆိုပါ ကျေးရွာချင်းဆက်လမ်းအနေနဲ့ ဒေသမှာနေတဲ့ တိုင်းရင်းသားလူမျိုးစု အိမ်ခြေ(၂၅၄)စုနဲ့ လူဦးရေ(၁၇၀၀)ကျော် မှီခိုအသုံးပြုနေရတဲ့လမ်းဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေးအတွက် အားပြုနေရတဲ့လမ်းဖြစ်ကြောင်းလည်း သိရှိရပါတယ်။ မွန်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ဖြေကြားထားတာကတော့ အဆိုပါလမ်းဟာ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ဝင်းစိန်အလယ်ကျေးရွာအုပ်စု၊ ပေါင်မြို့နယ်၊ ကျောက်ရေတွင်းကျေးရွာအုပ်စုတို့ ထိတွေ့ဆက်သွယ်ထားတဲ့ အရှည်(၁)မိုင် (၅)ဖာလုံရှိတဲ့ ကျေးရွာချင်းဆက် မြေသားလမ်းဖြစ်ကြောင်း သိရှိရပါတယ်။

အဆိုပါလမ်းကို လက်ရှိအခြေအနေမှာ ရာသီမရွေးသွားလာနိုင်တဲ့ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်းကိုမူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်အစိုးရ ရန်ပုံငွေ လျာထားချက်စာရင်းမှာ မပါရှိသေးတဲ့အတွက် ဆောင်ရွက်ရန် အစီအစဉ် မရှိသေးပါကြောင်း အစိုးရအဖွဲ့ရဲ့ကိုယ်စား ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်သန်းသန်းအေး ရဲ့ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ ဓမ္မသော်အုပ်စုနဲ့ မင်းပြင်အုပ်စုရှိ နံကပ်ကျေးရွာ တာပေါင်ကို ပြုပြင်မွမ်းမံရန်နှင့် ရေတံခါးတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ကိုယ်စား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ ဓမ္မသော်ကျေးရွာအုပ်စုနဲ့ နံကပ်ကျေးရွာအုပ်စုအနီးမှာရှိတဲ့ နံကပ်-ပုထိုး ရေတားတာပေါင်ဟာ လယ်မြေတွေကို ဧရာဝတီမြစ်ရေ ရေနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်ဖို့အတွက် ဓမ္မသော်ကျေးရွာအုပ်စု၊ နံကပ်ကျေးရွာနဲ့ မင်းပြင်ကျေးရွာအုပ်စု၊ ပုထိုးကျေးရွာတို့ကိုဆက်သွယ်တဲ့ ရေတားတာပေါင်အဖြစ်နဲ့ ၁၉၅၉ ခုနှစ်မှာ ကျေးရွာလူထုက တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရပါတယ်။ မူလမြေသား တာပေါင်ရဲ့အလျားဟာ ပေပေါင်း(၂၈၀၀)၊ ထိပ်ဝအကျယ် (၁၂)ပေနဲ့ ပျမ်းမျှအမြင့် (၆)ပေရှိပါတယ်။ နံကပ်ရွာအနီးရှိ ပေတိုင်(၁၀၆၀)မှာ (၂)ပေအကျယ် အုတ်စီရေထိန်းတံခါးတစ်ခု ရှိပါတယ်။ ၂၀၁၀ ပြည့်နှစ်မှာ ရေထိန်းတံခါးဟာ ကျိုးပေါက်ခဲ့ပြီးတော့ ကျိုးပေါက်တဲ့

နေရာကို ပြန်ဖို့ပြီး ပြုပြင်ခဲ့ကြောင်းလည်း သိရပါတယ်။ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လမှာ ဧရာဝတီမြစ်ရေကြီးမှုကြောင့် ပေတိုင်(၁၁၀၀)နဲ့ (၁၁၄၀)ကြားမှာ တာပေါင်ကျိုးပေါက်ခဲ့ပါတယ်။ ကွင်းဆင်းတိုင်းတာချက်အရ ပေတိုင်(၃၀၀)ကနေ (၂၁၀၀)အထိ အလျားပေ(၁၈၀၀)မှာ တာပေါင်(၃)ပေခန့် နိမ့်ကျနေကြောင်း တွေ့ရပါတယ်။

သို့ဖြစ်တဲ့အတွက် ရေတားတာဘောင်ရဲ့ ပေအရှည်(၁၈၀၀)ကို ပုံစံကျ ပြန်လည်ပြုပြင်ခြင်းနဲ့ (၃ x ၄)ပေ ရေထုတ်ရေထိန်းတံခါး(၁)ခု တည်ဆောက်ပေးဖို့အတွက် အသေးစိတ် ကွင်းဆင်းတိုင်းတာမှုများ ဆောင်ရွက်ပြီး ခန့်မှန်းကုန်ကျစရိတ် တွက်ချက်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေမှာ ထည့်သွင်းတောင်းခံပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဟု ဖြေကြားထားပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် ရဲ့ စလင်းမြို့လယ်ရှိ မြောင်းမတော်မြောင်းကြီးကို ကမ်းထိန်းနံရံ ပေ(၁၃၅၀) ပြုလုပ်ခြင်းအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ပြန်လည်ဖြေကြားပါမယ်။

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့လယ်ရှိ မြောင်းမတော်မြောင်းဟာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနရဲ့ ထိန်းသိမ်းစောင့်ရှောက်ထားတဲ့ စလင်းရေလှောင်တမံနဲ့ လင်းဇင်းရေလွှဲဆည်တို့ရဲ့ ဆည်ရေသောက်စနစ် အတွင်းမှာရှိတဲ့ တူးမြောင်းမကြီး ဖြစ်ပါတယ်။ အဆိုပါ တူးမြောင်းမကြီးရဲ့ ပေတိုင် (၆၆၄၀၀)ကနေပြီး (၆၇၇၅၀)အထိ အပိုင်းမှာ စလင်းမြို့ဧရိယာအတွင်း ဖြတ်သန်းတည်ရှိလျက်ရှိပါတယ်။ တူးမြောင်းမကြီးရဲ့ ဘေးတစ်ဖက်တစ်ချက်မှာ စည်ပင်သာယာဈေးနဲ့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့ တည်ရှိပြီး၊ မြောင်းပေါင်ကို မြို့တွင်းလမ်းအဖြစ် အသုံးပြုလျက်ရှိသလို မြို့နဲ့အနီးဝန်းကျင်ရှိ ကျေးရွာများနဲ့လည်း ဆက်သွယ်ရေးလမ်းအဖြစ်လည်း အသုံးပြုလျက်ရှိပါတယ်။ တူးမြောင်းပေါင်ကို အဓိကဆက်သွယ်ရေးလမ်းအဖြစ် အသုံးပြုခြင်း၊ ကုန်တင်ကားကြီးများ ဖြတ်သန်းသွားလာခြင်းကြောင့် မြောင်းပေါင်ဟာ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိတဲ့အတွက် တူးမြောင်းမကြီးရဲ့ အလျား(၁၃၅၀)ပေခန့်ဟာ အုတ်စီမြေထိန်းနံရံ တည်ဆောက်ကာကွယ်ပေးဖို့ လိုအပ်လျက်ရှိပြီး ခန့်မှန်းကုန်ကျငွေကတော့ ကျပ်သန်းပေါင်း(၉၇.၆)သန်း ကုန်ကျမှာ ဖြစ်ပါတယ်။

၎င်းလုပ်ငန်းကို ဆောင်ရွက်ပေးနိုင်ဖို့အတွက် လိုအပ်ရန်ပုံငွေမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မကွေးတိုင်းဒေသကြီး မူလရန်ပုံငွေမှာ ထည့်သွင်းတင်ပြထားခြင်း မရှိတဲ့အတွက် တိုင်းဒေသကြီးအစိုးရအနေနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ဖြည့်စွက်ရန်ပုံငွေမှာ ထည့်သွင်းတင်ပြ တောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေ ရရှိမှုအပေါ်မှာ မူတည်၍ လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ ပေါင်းစပ်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန် ပေးအပ်သော ကော်မတီဝင်က စာရင်းအင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ စာရင်းအင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဒေါ်အုန်းကြည် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဒေါ်အုန်းကြည် ဖြစ်ပါတယ်ရှင်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ စာရင်းအင်း ဥပဒေကြမ်းအပေါ်မှာ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားပါမယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**စာရင်းအင်းဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၇ -
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ မတ်လ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ပေးပို့လာသော စာရင်းအင်းဥပဒေကြမ်းကို ၁၆-၂-၂၀၁၇ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်သွင်း ခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး က ၂၈-၂-၂၀၁၇ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် အကြံပြုဆွေးနွေးခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ၇-၃-၂၀၁၇ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် စာရင်းအင်းဥပဒေကြမ်းကို လေ့လာစိစစ်ရာ -

(က) မူလဥပဒေကြမ်း အပိုဒ် ၄၂၊ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၄၃ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အောက်ပါအတိုင်း အစားထိုးသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်-

**၄၃။ မည်သူမဆို မှန်ကန်ခြင်းမရှိသည်ကို သိလျက်နှင့်သော်လည်းကောင်း၊ ယုံကြည်ရန် အကြောင်းရှိလျက်နှင့်သော်လည်းကောင်း အကြောင်းအရာကို သို့မဟုတ် စာရင်းအင်းဆိုင်ရာ အချက်အလက်များကို ပေးအပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပေါက်ကြားစေခြင်း၊ ထိမ်ချန်ခြင်း တစ်ခုခုကို မပြုလုပ်ရ။**

(ခ) ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက် မူလဥပဒေကြမ်း အပိုဒ် ၄၅ တွင် ပါရှိသော **ပုဒ်မ ၄၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို** ဆိုသည့် စကားရပ်အစား **ပုဒ်မ ၄၂ နှင့် ၄၃ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ် ၄၆ တွင်ပါရှိသော **ပုဒ်မ ၄၂ ပါ တားမြစ်ချက်ကို** ဆိုသည့် စကားရပ်အစား **ပုဒ်မ ၄၂ နှင့် ပုဒ်မ ၄၃ တို့ပါ တားမြစ်ချက်ကို** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ် ၄၆ တွင်ပါရှိသော **ပုဒ်မ ၄၂(ခ) ပါ** တားမြစ်ချက်ကို ဆိုသည့် စကားရပ်အစား **ပုဒ်မ ၄၃ ပါ** တားမြစ်ချက်ကို ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ် ၄၇ တွင် ပါရှိသော အခန်း(၁၂)ပါ ပုဒ်မ ၃၇ မှ ပုဒ်မ ၄၂ ထိ တားမြစ်ချက် ဆိုသည့် စကားရပ်အစား အခန်း(၁၂)ပါ ပုဒ်မ ၃၇ မှ ပုဒ်မ ၄၃ ထိ တားမြစ်ချက် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ် ၅၁ တွင် ပါရှိသော ပုဒ်မ ၄၆ အရ တရားစွဲဆိုရာတွင် ဆိုသည့် စကားရပ်အစား ပုဒ်မ ၄၈ အရ တရားစွဲဆိုရာတွင် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ဥပဒေရေးထုံးနှင့် ညီညွတ်စေရန်နှင့် ပြောင်းလဲသွားသည့် အမှတ်စဉ်များကိုလည်း ပြင်ဆင်ပြီးဖြစ်ကြောင်း တစ်ပါတည်း တင်ပြအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် စာရင်းအင်းဥပဒေကြမ်း အပေါ် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီ၏ မူလပြင်ဆင်ချက်များ နှင့်အတူ အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက စာရင်းအင်း ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ စာရင်းအင်းဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြား တင်ပြဖို့ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီး နှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ဥပဒေကြမ်းကော်မတီ၏ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာ မြတ်ဉာဏစိုး က ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များကို တစ်ပိုဒ်ချင်းစီ လွှတ်တော်ကို တင်သွင်း သွားမှာ ဖြစ်ပါတယ်။ ရှေးဦးစွာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ခေါင်းစဉ် ပြင်ဆင်ချက်ကို တင်ပြသွားမှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီခေါင်းစဉ် ပြင်ဆင်ချက် -

**စာရင်းအင်းဥပဒေ**

(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ။)

၁၃၇၈ ခုနှစ်၊ လ ရက်

(၂၀၁၇ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

ဒီ ခေါင်းစဉ် ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြ အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ်ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ - အပိုဒ် ၂(ဂ)(စ)(ဈ)၊ အပိုဒ် ၄(ခ) တို့ကို ဆက်လက်တင်ပြပါမယ်။

၂။ (ဂ) စာရင်းအင်းဆိုသည်မှာ အချက်အလက်များအား ကောက်ယူစုစည်းပြုစုခြင်း၊ ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်သုံးသပ်ခြင်း စသည့် အချက်အလက်များဆိုင်ရာ သိပ္ပံပညာရပ်ကို အသုံးပြု၍ ပြုစုထားသော ကိန်းဂဏန်း အချက်အလက်များကို ဆိုသည်။

(စ) အစိုးရဌာနအဖွဲ့အစည်းများ ဆိုသည်မှာ နိုင်ငံတော်၏ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တပ်မြို့ စည်ပင်သာယာရေးအဖွဲ့အစည်းများနှင့် ဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများကို ဆိုသည်။

(ဈ) စာရင်းအင်းဆိုင်ရာ အကြီးအမှူး ဆိုသည်မှာ ဗဟိုကော်မတီ၏ အတွင်းရေးမှူးနှင့် အမျိုးသားစာရင်းအင်းဆိုင်ရာ ညှိနှိုင်းရေးမှူးဖြစ်ပြီး အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူများကို ဦးဆောင်ညှိနှိုင်းကြီးကြပ်သည့် ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို တာဝန်ခံဆောင်ရွက်သော ဗဟိုစာရင်းအင်းအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

၄။ (ခ) စာရင်းအင်းဆိုင်ရာ အချက်အလက်များကို အမှန်တကယ်တည်ရှိသည့် အခြေအနေများအတိုင်း တိတိကျကျဖော်ပြရမည်ဖြစ်ပြီး အရည်အသွေးဆိုင်ရာ စာရင်းအင်းအချက်အလက်ဖြစ်ပါက အမှန်တကယ် တည်ရှိသည့် အခြေအနေများနှင့် ကိုက်ညီစေရန် အနီးစပ်ဆုံး တိတိကျကျ ဖော်ပြရမည်။

ဒီ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(ဂ)(စ)(ဈ)၊ အပိုဒ် ၄(ခ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(ဂ)(စ)(ဈ)၊ အပိုဒ် ၄(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ အပိုဒ် ၅(က) ပြင်ဆင်ချက်ကို တင်ပြပါမယ်။

၅။ (က) ဒုတိယသမ္မတတစ်ဦးဦးကို ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ စာရင်းအင်းအချက်အလက်နှင့် သက်ဆိုင်သော အစိုးရဌာနအဖွဲ့အစည်းများမှ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးအဆင့်ရှိသူ ဒုတိယဝန်ကြီး၊ ဒုတိယဝန်ကြီးအဆင့်ရှိသူ သို့မဟုတ် အမြဲတမ်းအတွင်းဝန်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များမှ စာရင်းအင်းအချက်အလက်နှင့်သက်ဆိုင်သော ဝန်ကြီးများနှင့် ပြင်ပမှ စာရင်းအင်းအချက်အလက်ဆိုင်ရာကျွမ်းကျင်သူ သို့မဟုတ် ပညာရှင်များကို အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ကို အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်စေလျက် စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးအလို့ငှာ ဗဟိုကော်မတီကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

ဒီပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅ (က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅ (က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ - အပိုဒ် ၈(ခ)၊ အပိုဒ် ၉(ခ)၊ အပိုဒ် ၁၀ ခေါင်းစဉ်နဲ့ အသစ်ဖြည့်စွက်ချက်ဖြစ်တဲ့ အပိုဒ် ၈(ဇ)တို့ကို တင်ပြပါမယ်။

၈။ (ခ) အရည်အသွေး ပြည့်ဝ၍ တိကျမှန်ကန်ပြီး ယုံကြည်စိတ်ချရသော စာရင်းအင်းများကို အချိန်မီ ပြုစုပံ့ပိုးနိုင်ရန်အလို့ငှာ ပြည့်စုံကောင်းမွန်၍ ယုံကြည်စိတ်ချရသည့်

မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ် တည်ထောင်ခြင်း၊ စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့်မဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရာတွင် အကြံဉာဏ်နှင့် လမ်းညွှန်မှုပေးခြင်း၊

၉။ (ခ) ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များတို့အကြား ထိရောက်သော စာရင်းအင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပေါ်ထွန်းလာစေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်များ၊ မြို့နယ်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးလုပ်ငန်းကော်မတီများနှင့် အဖွဲ့ငယ်များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးအပ်ခြင်း၊

၁၀။ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ အစိုးရအဖွဲ့များနှင့် ဦးစီးအဖွဲ့များသည် -

**အသစ်ဖြည့်စွက်ချက်-**

၈။ (ဇ) နိုင်ငံတော်မှ နှစ်စဉ် နှစ်လတ်၊ နှစ်ရှည် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော စာရင်းအင်းအချက်အလက်များကို သက်ဆိုင်ရာသို့ အချိန်မီပေးပို့ရန် ညွှန်ကြားခြင်း၊

ဒီ ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၈(ခ)(ဇ)၊ အပိုဒ် ၉(ခ)၊ အပိုဒ် ၁၀ ခြေဆင်း ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈(ခ)(ဇ)၊ အပိုဒ် ၉(ခ)၊ အပိုဒ် ၁၀ ခြေဆင်း သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၁၃(င)၊ အပိုဒ် ၄၃၊ အပိုဒ် ၄၅၊ အပိုဒ် ၄၇ နဲ့ အသစ်ဖြည့်စွက်ချက်ဖြစ်တဲ့ အပိုဒ် ၄၄ တို့ကို တင်ပြပါမယ်။

၁၃။ (င) လူမှုစီးပွားအခြေအနေကို ထင်ဟပ်ဖော်ပြသည့် ညွှန်ကိန်းများနှင့် စာရင်းအင်းများပြုစုနိုင်ရန် သန်းခေါင်စာရင်း၊ စစ်တမ်းနှင့် အခြားစာရင်းအင်းဆိုင်ရာ အချက်အလက်များကောက်ယူရေးအတွက် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူတို့နှင့် ပူးပေါင်းဆောင်ရွက်ရမည့်အပြင် အရေးပါသော သန်းခေါင်စာရင်းများနှင့် လူမှုစီးပွားဆိုင်ရာ အဓိကစစ်တမ်းကြီးများ ကောက်ယူရာတွင် ဦးစီးဆောင်ရွက်ခြင်း၊

၄၃။ မည်သူမဆို မှန်ကန်ခြင်းမရှိသည်ကို သိလျက်နှင့်သော်လည်းကောင်း၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်သော်လည်းကောင်း၊ အကြောင်းအရာကို သို့မဟုတ် စာရင်းအင်းဆိုင်ရာအချက်အလက်များကို ပေးအပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပေါက်ကြားစေခြင်း၊ ထိမ်ချန်ခြင်း တစ်ခုခုကို မပြုလုပ်ရ။

၄၅။ ဗဟိုစာရင်းအင်းအဖွဲ့၊ အစိုးရဌာနအဖွဲ့အစည်းတစ်ရပ်ရပ်နှင့် စာရင်းအင်း အချက်အလက်ထုတ်ပြန်သူ မည်သူမဆို ပုဒ်မ ၃၆၊ ပုဒ်မ ၃၈ နှင့် ပုဒ်မ ၃၉ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၄၇။ မည်သူမဆို ပုဒ်မ ၄၂ နှင့် ပုဒ်မ ၄၃ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စုဖြစ်ပါက ကျပ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် ကော်ပိုရေးရှင်းဖြစ်ပါက ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ကိုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက နိုင်ငံ့ဝန်ထမ်းဥပဒေအရ ပြစ်မှုများအပြင် ကျူးလွန်သည့်ပြစ်မှုနှင့်အညီ ဥပဒေအရ ပြစ်ဒဏ်များကိုလည်းကောင်း ချမှတ်ရမည်။

**အသစ်ဖြည့်စွက်ချက် -**

၄၄။ ဤဥပဒေ စတင် အာဏာသက်ရောက်သည့်နေ့မှစ၍ (၆)လအထိ အချိန်ကာလကို ပညာပေးကာလဟု သတ်မှတ်၍ ယင်းကာလကျော်လွန်လျှင် တားမြစ်ချက်များ ဖောက်ဖျက်ကျူးလွန်ပါက ဤဥပဒေပါ ပြစ်မှု၊ ပြစ်ဒဏ်များ ချမှတ်ရမည်။

ဒီ ပြင်ဆင် ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင် ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၃(င)၊ အပိုဒ် ၄၃၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅၊ အပိုဒ် ၄၇ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၃(င)၊ အပိုဒ် ၄၃၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅၊ အပိုဒ် ၄၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၄၈၊ အပိုဒ် ၄၉၊ အပိုဒ် ၅၃၊ အသစ်ဖြည့်စွက်ချက်ဖြစ်တဲ့ အပိုဒ် ၅၁(င)တို့ကို ဆက်လက်တင်ပြပါမယ်။

၄၈။ မည်သူမဆို ပုဒ်မ ၄၄ အရ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပြီးနောက် ပုဒ်မ ၄၂ နှင့် ပုဒ်မ ၄၃ တို့ပါ တားမြစ်ချက်ကို ဆက်လက်၍ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပြစ်မှုကျူးလွန်သည့် ပထမနေ့မှတစ်ပါး ဆက်လက်ကျူးလွန်သည့်နေ့ရက်များအတွက် ပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စုဖြစ်ပါက တစ်ရက်လျှင် ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် ကော်ပိုရေးရှင်းဖြစ်ပါက တစ်ရက်လျှင် ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ကို ချမှတ်ရမည့်အပြင် ပုဒ်မ ၄၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်လျှင် မမှန်သောအကြောင်းအချက်များနှင့် သို့မဟုတ် မမှန်သောအဖြေနှင့် သက်ဆိုင်သည့် ပြစ်မှုကို၊ မှန်သောအကြောင်းပြချက် သို့မဟုတ် မှန်သောစာရင်း သို့မဟုတ် မှန်သောအဖြေ ပေးအပ်သည့်နေ့တိုင်အောင် ဆက်လက်ကျူးလွန်နေသည်ဟု မှတ်ယူရမည်။

၄၉။ မည်သူမဆို ဤဥပဒေအခန်း(၁၂)ပါ ပုဒ်မ ၃၇ မှ ပုဒ်မ ၄၃ အထိ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်းသော်လည်းကောင်း သို့မဟုတ် ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီကြောင်း သို့မဟုတ် ပူးပေါင်းကြံစည်ကြောင်းသော်လည်းကောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် သက်ဆိုင်ရာပြစ်မှုအတွက် သတ်မှတ်ထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၅၃။ ပုဒ်မ ၄၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပုဒ်မ ၄၈ အရ တရားစွဲဆိုရာတွင် ဗဟိုကော်မတီ၏ ကြိုတင်ခွင့်ပြုမိန့် ရယူရမည်။

**အသစ်ဖြည့်စွက်ချက် -**

၅၁။ (င) စာရင်းအင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ထောက်ပြ အကြံပြုချက်များကို စာရင်းအင်းဆိုင်ရာအကြီးအမှူးထံသို့ ပေးပို့နိုင်ပြီး လိုအပ်ပါက ကော်မတီသို့ တင်ပြဆွေးနွေးရမည်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄၈၊ အပိုဒ် ၄၉၊ အပိုဒ် ၅၁(င)၊ အပိုဒ် ၅၃ ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၈၊ အပိုဒ် ၄၉၊ အပိုဒ် ၅၁(င)၊ အပိုဒ် ၅၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆိုပြု ပြဋ္ဌာန်းချက်အတိုင်း ဆက်လက်ထားရှိရန် အတည်ပြုသည့် အပိုဒ်များကို တင်ပြပါမယ်။

| | |
|---|---|
| အခန်း(၁)၊ | အခန်းခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၂ ခြေဆင်း၊ အပိုဒ် ၂ (က)(ခ)(ဃ) (င)(ဆ)(ဇ)(ည) မှ (ဘ)ထိ၊ |
| အခန်း(၂)၊ | အခန်းခေါင်းစဉ်၊ အပိုဒ် ၃ ခြေဆင်း၊ အပိုဒ် ၃(က)မှ (င)ထိ၊ |
| အခန်း(၃)၊ | အခန်းခေါင်းစဉ်၊ အပိုဒ် ၄ ခြေဆင်း၊ အပိုဒ် ၄(က)(ဂ)မှ(ဆ)ထိ၊ |
| အခန်း(၄)၊ | အခန်းခေါင်းစဉ်၊ အပိုဒ် ၅ ခြေဆင်း၊ အပိုဒ် ၅(ခ)၊ အပိုဒ် ၆၊ အပိုဒ် ၇၊ |
| အခန်း(၅)၊ | အခန်းခေါင်းစဉ်၊ အပိုဒ် ၈ ခြေဆင်း၊ အပိုဒ် ၈(က)(ဂ)မှ (ဆ)ထိ၊ အပိုဒ် ၉ ခြေဆင်း၊ အပိုဒ် ၉ (က)(ဂ)(ဃ)(င)၊ အပိုဒ် ၁၀(က)(ခ)၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ |
| အခန်း(၆)၊ | အခန်းခေါင်းစဉ်၊ အပိုဒ် ၁၃ ခြေဆင်း၊ အပိုဒ် ၁၃(က)(ခ)(ဂ)(ဃ)(စ)မှ(န)ထိ၊ အပိုဒ် ၁၄ ခြေဆင်း၊ အပိုဒ် ၁၄(က)(ခ)၊ |
| အခန်း(၇)၊ | အခန်းခေါင်းစဉ်၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ |
| အခန်း(၈)၊ | အခန်းခေါင်းစဉ်၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ |

အခန်း(၉)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊

အခန်း(၁၀)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊

အခန်း(၁၁)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊

အခန်း(၁၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂ ခြေဆင်း၊ အပိုဒ် ၄၂ (က)၊

အခန်း(၁၃)၊ အခန်းခေါင်းစဉ်၊

အခန်း(၁၄)၊ အခန်းခေါင်းစဉ်နှင့်

ပြောင်းလဲအမှတ်စဉ်ထားသည့် -

အခန်း(၅)၊ အပိုဒ် ၈(ဈ)(ည)(ဋ)၊

အခန်း(၁၂)၊ အပိုဒ် ၄၂ (ခ)၊

အခန်း(၁၃)၊ အပိုဒ် ၄၆၊ အပိုဒ် ၅၀၊

အခန်း(၁၄)၊ အပိုဒ် ၅၁ ခြေဆင်း၊ အပိုဒ် ၅၁(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၅၂၊ အပိုဒ် ၅၄၊ အပိုဒ် ၅၅၊ အပိုဒ် ၅၆၊ အပိုဒ် ၅၇ တို့ကို အဆိုပြု ပြဋ္ဌာန်းချက်အတိုင်းထားရှိရန် အတည်ပြု တင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်ကို လွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၅၇ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၅၇ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက စာရင်းအင်းဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ စာရင်းအင်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၃။**

**ဦးကျော်ဝင်း (ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်

နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း မေတ္တာပို့သ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ဖြစ်ပါတယ်။ စာရင်းအင်းဥပဒေကြမ်းအပေါ် အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ တာဝန်ရှိသူများ၊ ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့က အမျိုးသားလွှတ်တော်သို့ တင်သွင်းထားသော စာရင်းအင်းဥပဒေကြမ်းတစ်ရပ်လုံးကို အမျိုးသားလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပေးနိုင်ပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ။**　　။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၀၄။**

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။**　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက စာရင်းအင်းဥပဒေကြမ်းကို အတည်ပြုပေးပါရန် အဆိုတင်သွင်းသွားတဲ့အပေါ် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးမျိုးဝင်း မှ ထောက်ခံပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်အား တင်ပြအပ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက စာရင်းအင်းဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ။**　　။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုမှာ စာရင်းအင်းဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် စာရင်းအင်းဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) (ဥက္ကဋ္ဌ၊ သတ္တုသယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ)က ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ဥက္ကဋ္ဌ ဦးကျော်သီဟ က ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၂၊ နည်းဥပဒေခွဲ(ခ)အရ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုကို မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်သီဟ က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၆။**

**ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၊ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးကျော်သီဟ က မြန်မာ့ကျောက်မျက်ရတနာဥပဒေကို လေ့လာ ခြင်း၊ လိုက်နာကျင့်သုံးခြင်းတို့ကို ပြုလုပ်ရာတွင် မူလဥပဒေနှင့် ထပ်ဆင့်ပြင်ဆင်သည့် ဥပဒေသုံးရပ်ကို စုစုပေါင်းတည်ဆဲဥပဒေလေးရပ်ကို တစ်ပြိုင်နက်တည်း လေ့လာဆောင်ရွက်ရန် အခက်အခဲရှိပါသဖြင့် မူလဥပဒေတွင်ပါရှိပြီး မျက်မှောက်ကာလအထိ အတည်ဖြစ်နေသည့် ပုဒ်မများ ပြင်ဆင်သည့် ဥပဒေ နှင့် ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေများ၊ တတိယအကြိမ်ပြင်ဆင်ရန် တင်ပြသည့် အပိုဒ်များအား တစ်ဆက်တစ်စပ်တည်း ထုတ်နုတ်စုစည်း၍ သီးခြားဥပဒေကြမ်းတစ်ရပ်အဖြစ် ၂၀၁၇ ခုနှစ်၊ မြန်မာ့ ကျောက်မျက်ရတနာဥပဒေကြမ်း လွှတ်တော်သို့ ထပ်မံတင်ပြခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဤဥပဒေအား နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၇ အရ နိုင်ငံပိုင် သဘာဝသယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက

ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန်နှင့် သဘာဝသယံဇာတ ကျောက်မျက်ရတနာများကို စနစ်တကျ အကျိုးရှိစွာ ထိန်းသိမ်းစောင့်ရှောက် ထုတ်လုပ်သုံးစွဲနိုင်ရန်အတွက် ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ**။　　　။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၀၈။**

**ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။　　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်မြေအမှတ်(၁၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သီဟ တင်သွင်းတဲ့ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကြီးက လက်ခံဆွေးနွေးပေးပါရန် တင်သွင်းသွားတဲ့ အဆိုကို မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်မြေအမှတ်(၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဖြစ်တဲ့ ကျွန်တော် ဦးထွန်းထွန်းဦး က လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ**။　　　။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဦးကျော်သီဟ တင်သွင်းသည့် ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၈)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၁၁း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]